

စွမ်းအားတံခွန်
ဘသက်ဇော်
တမလွန်မှာနောက်တစ်ဖန်

# "အဖွင့်"

အမျိုးသမီးတစ်ဦး၏ အသံဖြစ်သော်လည်း ကျွန်တော့်ကို မိတ်ဆက်ပေးခြင်းမဟုတ်ပါ။

အခမ်းအနားမပါဘဲ၊ သိုသိုသိပ်သိပ်ကျင်းပသည့် ညစာစားပွဲမျိုးဖြစ်သည် ။ လူပေါင်းသုံးဆယ်ပင်မရှိတတ်သော်လည်း စကားသံများက ဆူညံနေသည် ။

ကိုယ်သန်ရာကိုဆွဲ၍ ပြောဆိုနေကြသဖြင့် အကြောင်းအရာမှာ စုံလင်လှသည် ။

"သူပေါ့ စာရေးဆရာဆိုတာ"

ထိုစကားသံများကြားထဲမှ ပင် ကျွန်တော့်အကြောင်းပြောနေကြသော အမျိုးသမီးတစ်စု၏ စကားများက နားထဲသို့ တန်းတန်းမတ်မတ်ဝင်လာသည် ။

"တို့ တော့ သူ့ရုပ်ရှင်ကားကို မကြည့်ရသေးဘူး"

"တို့ တော့ ကြည့်ပြီးပြီ"

"ဘယ့်နှယ့်လဲ စွံရဲ့ လား"

"စွံလို့ ဒီအခမ်းအနားကို ကျင်းပဖြစ်တာပေါ့ကွ"

" မဟုတ်ဘူး လေ ကောင်းရဲ့ လားလို့ မေးတာပါ"

"ကောင်းတယ်ဆိုတာက ဘာကိုဆိုလိုတာလဲ"

"အရေးတည်း သူကစကားအကျကောက်နေရပြန်ပါပြီ"

"အဟုတ်ပါကွ၊ ကောင်းပုံကောင်းနည်းဆိုတာ တစ်ယောက်နဲ့ တစ်ယောက် တူကြတာမှ မဟုတ်ဘဲ"

"ဒါဖြင့် ကိုယ်မေးမယ်"

"မေး"

"စွန့်စားမှုလား"

"ဘယ်ဟုတ်မလဲ"

"ဇာတ်ကြမ်းကားတော့ မဟုတ်ပါဘူးနော်"

"အေး မဟုတ်ဘူး "

"အချစ်ကားလား"

"အဲဒီလိုကြီးတော့ မဟုတ်ဘူး ကွ"

"မင်းဟာက ဘာလဲကွာ"

"အေး ကိုယ်လဲ အဲဒါကို ပြောရခက်နေတာပေါ့ တစ်ခုတော့ရှိတယ်"

"ဘာလဲ ပြော"

"သနားစရာတော့ အကောင်းသားလို့ "

"ဒါဖြင့် အလွမ်းကားပေါ့"

"အဲဒီလို မှတ်ချက်ချရင် မှားမှာ ပေါ့"

"ဘာဖြစ်လို့ "

"သူ့ကားက မိန်းမတစ်ယောက်ရဲ့ ဘ၀ကို အသားပေးထားတာကွ"

"ဒီလိုဆို ဘ၀အလွမ်းပေါ့ကွာ"

"အလွမ်းဆိုတာ ပူဆွေးခြင်းဘက်ကို နွှယ်တယ်ကွ၊ အခုဟာက အဲဒီလို မဟုတ်ဘူး ။ မိန်းမတစ်ယောက်အကြောင်းဆိုပေမယ့် ဇာတ်သိမ်းမှာ ရင်နင့်ပြီး မောကျန်ရစ်ရတာမျိုး၊ မိန်းမဖြစ်ရတာ မလွယ်ဘူးဆိုပါတော့ "

"ဘာလဲကွာ၊ ဘာအဓိပ္ပာယ်လဲ"

"အဲဒါလဲ ကိုယ်ရှင်းမပြတတ်ဘူး။ တင်ပြပုံကတော့ ကိုယ်တွေ့သဘောမျိုး"

"အဲဒါနဲ့ မိန်းမဘ၀ ဘာဆိုင်လို့ လဲ"

"ဆိုင်တာပေါ့ကွ၊ စာရေးဆရာက သူ့ဝတ္ထုကို ရုပ်ရှင်ရိုက်ဖို့ အမျိုးသမီးဇာတ်ကောင်ကို ရှာနေတုန်း အမျိုးသမီးတစ်ယောက်ကို တွေ့လိုက်ရတယ်။ သူတို့ ချင်းဘာမှ မပတ်သက်ပေမယ့် နောက်ကြောင်းတွေက ပြဿနာဖြစ်နေတယ်ဆိုပဲ"

"ဘယ်လိုဖြစ်ပုံမျိုးလဲ"

"ဒီလိုကွာ ပြဿနာကို ရှင်းရင်းက ပြဿနာတက်ရောဆိုပါတော့၊ မောကြောဆိုက်ရတာမျိုးပေါ့ကွာ"

"ဘယ်လိုဇာတ်လမ်းလဲကွာ၊ ကိုယ်ဘယ်လိုမှ နားလည်လို့ မရဘူး"

"အေး အကောင်းဆုံးက မင်းရုပ်ရှင်သွားကြည့်ကွာ သိလိမ့်မယ်"

"အမယ် မင်းကဘယ်ဆိုးလို့ လဲ၊ ရုပ်ရှင်ထုတ်လုပ်သူရဲ့ သမီးလို့ မဆိုရဘူး"

ထို့နောက် တိုးတိုးကြိတ်ရယ်သံများကို ကြားလိုက်ရသည် ။

ကျွန်တော့်အာရုံများ လည်း ပြန့်သွားသည် ။

ကျွန်တော့်ဝတ္ထုကို အခြေခံ၍ ရိုက်ကူးသောရုပ်ရှင်ကား အောင်မြင်နေသည် ကို အကြောင်းပြုပြီး ထုတ်လုပ်သူက ညစာပွဲလေး ကျင်းပပေးသည် ။

စာရေးဆရာ၊ ဇာတ်ညွှန်းရေးဆရာ၊ ဒါရိုက်တာမှ အစ ရုပ်ရှင်ကားနှင့် ဆက်နွယ်သူအားလုံးကို ဖိတ်ကြားသည် ။

ယခုစားပွဲတွင် ရုပ်ရှင်နှင့်ပတ်သက်သူများ ချည်းမဟုတ်၊ ဧည့်မြောင်များ လည်း ပါလာကြသည် ။ သူတို့ အများ စုမှာ နာမည်ကျော်ရုပ်ရှင်မင်းသားမင်းသမီးများ နှင့် လက်စုံစားလိုက်ရလျှင်သေပျော်ပြီဟု ယူဆထားပုံရသည် ။

ဆန်းသည် တော့မဟုတ်ပါ။

ခေတ်တိုင်းတွင် ရုပ်ရှင်သရုပ်ဆောင်တိုင်းအပေါ် ချစ်ခင်လေးစားတတ်ကြသည် ။ အားကျကြသည် ။ အထင်ကြီးကြသည် ။ နောက်တော့ ရုပ်ရှင်ပိုးဝင်ပြီး အရူးထကြသည် ။

ထူးလျှင်ထူး မထူးလျှင်ရူးကြသည် ဟု ဆိုသော်လည်း ထူးလည်း မထူး ရူးလည်း မရူးကြသူများ ၏ ဘဝမှာ ဆိုးဝါးလှသည် ။ ဘဝတစ်လျှောက်လုံး မောကြရ၏။

ဤသို့ဖြင့် ပြဿနာဖြစ်လာသည် ။

အလွန်သိမ်မွေ့၍ ညင်သာလွန်းသဖြင့် ပြဿနာကို ပြဿနာမှန်းသိရသောအခါ အချိန်နှောင်းသွားချေပြီ။

ဟန်ဆောင်ကောင်းလွန်း၍ ဣန္ဒြေရလွန်းသဖြင့် ပြဿနာထဲတွင် ကိုယ်တိုင်ပါဝင်ပတ်သက်နေရသည် ဟု ပင် မထင်မိ။

လူသေမှုလည်း မဟုတ်၊ လူသတ်မှုလည်း မဟုတ်၊ နှလုံးသားတစ်ခု လုံးကို ချေမွဆုပ်နယ်လိုက်သဖြင့် ဘဝတစ်ခုလုံး လှုပ်ရှားယိမ်းယိုင်သွား ရခြင်းမျိုးဖြစ်သည် ။

စင်စစ် ဘဝအမောလေးတစ်ခုပါလားဟု မှတ်ချက်ချရမည့်အခါမျိုး တွင် ပင် ကျွန်တော့်မှာ မနိုင်ဝန်ကို ထမ်းနေရသလို ခံစားနေရပါ၏။

***

ဤသို့ဖြင့် ကျွန်တော်ဝတ္ထုရှည်တစ်ပုဒ် ရေးဖြစ်ခဲ့ပြန်သည် ၊ ထုံးစံအ တိုင်း ဖြစ်ရပ်မှန်ကိုအခြေခံသော ဝတ္ထုပင်ဖြစ်ပါ၏။

အများအားဖြင့် ကျွန်တော်ရေးဖြစ်သောဝတ္ထုများ သည် ထောင်မှုးဖြ စ်ခဲ့သောကျွန်တော်နှင့် လက်ပွန်းတသီးရှိခဲ့ပြီး (မဂ္ဂဇင်းများ ထဲတွင် မ တောက်တခေါက်စာရေးတတ်ခြင်းကို အကြောင်းပြု၍ ) အကျဉ်းသူ၊ အ ကျဉ်းသား အတော်များများက သူတို့ ၏ ဘဝ၊ သူတို့ ၏ အတွေ့အကြုံ၊ သူတို့ ၏ ပညာများကို ရင်ဖွင့်တတ်ကြပါသည် ။ ထိုအထဲမှ ရေးချင်စဖွ ယ်ဇာတ်လမ်းများကို ရွေးချယ်အခြေပြု၍ ကျွန်တော်ဝတ္ထုများ ရေးဖြစ်ခဲ့ ပါသည် ။

ယခုရေးဖြစ်သော ဝတ္ထုဇာတ်ကြောင်းပြောသူမှာ ကျွန်တော့်ကျောင်း နေဘက်သူငယ်ချင်း "စာရေးဆရာလူကောင်း"အမည်ခံ ကိုသက်ထွန်းပ င်ဖြစ်ပါသည် ။ သူကိုယ်တိုင်ပါဝင်ပတ်သက်ရသော ကိုယ်တွေ့ဇာတ်လ

မ်းဖြစ်ပြီး သူ့အနေဖြင့် ဘယ်တော့မှ ရေးဖြစ်လိမ့်မည်မဟုတ်သော အကြောင်းအရာဟု လည်း ဆိုပါသည် ။

စာရေးဆရာပင်ဖြစ်သော်လည်း မရေးချင်သောအကြောင်းအရာများ စွာရှိပါသည် ။ ယင်းတို့ ကို ကြိုးစားမေ့ပစ်ရလေ့ရှိပါသည် ။ စာရေးဆရာများ တွင် မေ့ပစ်နိုင်ခြင်းသည် လည်း အရည်အချင်းတစ်ရပ်ဖြစ်ပါလိမ့်မည်။ သို့တိုင်အောင် မေ့မရသောအကြောင်းအရာများ သည် ရှိနေတတ်ပါသေးသည် ။

ယခုဇာတ်လမ်းသည် ကာယကံရှင်ကိုသက်ထွန်း၏ မေ့မရ၊ ရေးမရသည့် ဇာတ်လမ်းပင်၊ ဤသို့လျှင်သူဝန်ခံ၏။

စာရေးဆရာသည် သူ့ဘဝနှင့်ပတ်သက်ဆက်နွှယ်နေသော အကြောင်းအရာကို ဝတ္ထုအဖြစ်ရေးချရာ၌ ဘက်လိုက်မှုအနည်းနှင့်အများ ရှိတတ်ကြသည် ဟု သူကဆိုပါသည် ။ ဤသည် မှာ ဖြစ်တတ်သည့်သဘောပင်၊ သို့သော် "သမာသမတ်ကျသောဘက်လိုက်မှု"မျိုးတော့ လိုပါလိမ့်မည်။ ယင်းအချက်ကို သူလိုက်နာနိုင်လိမ့်မည်မဟုတ်ဟု သူဝန်ခံသည် ။

ဤသို့ဖြင့်- "ရေးနိုင်လျှင်ရေးစမ်းပါဗျာ၊ ကျွန်တော်ဒီအကြောင်းတွေကို ရင်ထဲကအပြီးအပိုင် ထုတ်ပစ်ချင်လွန်းလို့ ပါ" ဟု သူကပြောသည် ။

ကိုသက်ထွန်းက သူ့ဇာတ်လမ်းကို သူပြောပြရာ၌ အပြောကောင်းသည် ၊ ထို့ကြောင့်သူသည် အရေးကောင်းသူတစ်ဦးဖြစ်သည် မှာ ဘာမျှမဆန်းပါ။ သို့သော် ဖြစ်ရပ်ကို စီကာစဉ်ကာပြောရာ၌ ဘယ်နေရာတွင် ရပ်ထားရမည်၊ ဘယ်အကြောင်းအရာကို ထိန်းထားရမည်၊ ဘယ်နေရာတွင် ဖွင့်ချရမည်ကို သတိပြုမိဟန်မတူ၊ ပြောချင်အားကြီးလွန်းခြင်းကြောင့်လည်း ဖြစ်နိုင်သည် ။

ဤဇာတ်ကြောင်း၏ တစ်နေရာ၌ မမျှော်လင့်ပဲ

လူသတ်မှုတစ်ခုအကြောင်း ပါဝင်လာသောအခါ ငိုက်မြည်းချင်ချင်ဖြစ်နေသော ကျွန်တော်ပင် မျက်လုံးဝိုင်းသွားရပါတော့၏။ သို့သော် လူသတ်မှုလား၊ လူသေမှုလား၊ တကယ်မှ ဟုတ်ပါရဲ့ လားဟု သံသယပွားစရာအရေးအခင်းတစ်ခု၏ နောက်ဆုံးရလာဒ်မှာ မိန်းမချောတစ်ဦး၏ နောက်ဆုံးကလဲ့စားချေမှုဖြစ်နေသဖြင့် ကျွန်တော်အံ့သြရပါ၏။

ကျွန်တော်သည် ဝတ္ထုများ ရေးရာ၌ မှုခင်း၊ လျို့ဝှက်သည်းဖိုပြစ်မှု၊ အကျဉ်းထောင်အတွေ့အကြုံ၏ အမျိုးအစားများကိုသာ အရေးများ ခဲ့ပါသည် ၊ ဤသည် မှာ လည်း ထောင်မှူးတစ်ဦးဖြစ်ခဲ့သော ကျွန်တော့်အတွေ့အကြုံကြောင့် ဖြစ်နိုင်ပါသည် ။

ယခုဝတ္ထုမှာ ဤသို့မဟုတ်ပါ -

မျက်မှောက်ကျွန်တော်ကျင်လည်ရသော စာပေလောက၏ ဝန်းကျင်အတွေ့အကြုံဖြစ်ပါသည် ။ တစ်နည်းအားဖြင့် ကျွန်တော်နှင့်မစိမ်းသော လောကအကြောင်းလည်း ဖြစ်ပါသည် ။ ထို့ကြောင့် ရေးအားရှိခဲ့ပါသည် ။

မည်မျှအထိ ကျွန်တော့်စိတ်ကူးစိတ်သန်းအား ပြောင်းလဲစေခဲ့သည် ဆိုလျှင်-

သတ်ခံရသူမှာ လူအများ အချစ်ခင်ဆုံး၊ ငယ်ရွယ်နုပျို၍ ရုပ်ရှင်လောကတွင် အလားအလာရှိသော မင်းသားသစ်ကလေးဖြစ်ပြီး၊ သတ်သူမှာ ဤလောက၌ မျှော်လင့်ချက်ဆုံးပါးပြီး အပစ်ပယ်ခံနေရသော မိန်းမသားတစ်ဦးဖြစ်ပါသည် ၊ သတ်သူနှင့်အသတ်ခံရသူတွင် သဘာဝအားဖြင့် သတ်သူကိုမုန်းတီး၍ အသတ်ခံရသူဘက်မှ ကရုဏာထားရမည်သာဖြစ်သည် ၊ သို့သော် ယခုဇာတ်လမ်းတွင် စာရေးသူကျွန်တော်ကိုယ်တိုင် သတ်သူဘက်မှ ဘက်လိုက်ချင်ချင် ဖြစ်သွားရပါ

သည် ။

သို့သော် ဇာတ်ကြောင်းပြောသူ ကာယကံရှင်ကိုသက်ထွန်းကိုယ်တိုင်က သမာသမတ်ကျသော ဘက်လိုက်မှုမျိုးကိုသာ အလိုရှိနေသဖြင့် သူ့ဆန္ဒကိုလျစ်လျူရှု၍ မဖြစ်နိုင်ပါ။ ကျွန်တော်ကြိုးစားရပါသည် ။

ထို့ပြင် ဖြစ်ရပ်မှန်ဇာတ်လမ်းတို့ ၏ သဘာဝအတိုင်း အဖြစ်ကိုအဖြစ်အတိုင်းရေးလိုက်လျှင် သတင်းဇာတ်လမ်းမျိုးသာ ဖြစ်တော့မည်၊ ကိုသက်ထွန်းရော၊ ကျွန်တော်ပါအလိုရှိသော ရသဇာတ်လမ်းဖြစ်လာတော့မည် မဟုတ်ပါ၊ ရသစာပေအများ စုမှာ "ဝတ္ထု"များ တွင် သာတွေ့ရတတ်ပါသည် ။ ထို့ကြောင့် ဖြစ်ရပ်မှန်ဇာတ်လမ်းကို ရသဝတ္ထုအဖြစ်ရေးသားရာ၌ ခံစားမှုသည် မပါမဖြစ်တော့ပါ။

ထို့ကြောင့် ဇာတ်ကြောင်းအပေါ် ကျွန်တော်ခံစားရသည့်အတိုင်းရေးချလိုက်ပါသည် ။ ဤသို့ဖြင့် ဤဝတ္ထုသည် ကျွန်တော်ဖတ်ချင်သော ဝတ္ထု ဖြစ်မလာခဲ့ပဲ၊ ကျွန်တော်ရေးချင်သောဝတ္ထု ဖြစ်လာခဲ့ပါသည် ၊ ကာယကံရှင်ကိုသက်ထွန်းအဖို့ တော့ မည်သို့သဘောထားလေမည်မသိ ။

တစ်ခုပဲပြောစရာရှိပါသည် -

အဖြစ်မှန်ကိုရေးသားရာ၌ ထိခိုက်နစ်နာမှုမျိုးရှိနိုင်သဖြင့် နေရပ်ဒေသ၊ အမည်နာမအချို့ကို ပြောင်းလဲပစ်ခဲ့ပါသည် ။ ထိုသို့ပြောင်းလဲထားသည့်ကြားမှ တိုက်ဆိုင်တူညီမှုမျိုးရှိနေသေးလျှင် ကျွန်တော်တောင်းပန်ပါသည် ။

ဖြစ်ရပ်မှန်များ သည် စိတ်ကူးယဉ်ဝတ္ထုများ ထက် ဆန်းကျယ်သည်ဟု အဆိုရှိပါသည် ။ မဆန်းကျယ်လျှင်နေပါစေတော့၊ စိတ်ကူးယဉ်ဝတ္ထုမျိုးထက် ပိုမိုခံစားရသည် ဟု ဆိုလျှင် ကျွန်တော်ကြိုးစားရေးသားရကျိုး

နပ်ပြီဟု ဆိုပါရစေတော့ -။ ။

## စာဖတ်သူများ ၏
## ဘာသက်ဆွေ

# အခန်း (၁)

၁၉၈၀ ပြည့်နှစ်၏ မြို့တော်ရန်ကုန်။

ဆောင်းနှောင်းရာသီ၏ ညဦးပိုင်းအချိန်။

ချိန်းဆိုသောနေရာသို့ ကျွန်တော်ကြိုတင်ရောက်နေခဲ့သည် ။

ကျွန်တော်ရောက်ရှိနေသောနေရာမှာ ရန်ကုန်မြို့လယ်၏ လူအစည်ကားဆုံး နာမည်ကြီးဟိုတယ်တစ်ခုဖြစ်သည် ။

ထိုနေရာမျိုးကိုမှ ရွေးချယ်ရခြင်းမှာ လည်း ကျွန်တော်တို့ အတွက် အကြောင်းရှိသည် ၊ အထူးသဖြင့် ကျွန်တော်နှင့်ပို၍ သက်ဆိုင်သည် ဟု ဆိုရမည်၊ ကျွန်တော်သည် စာရေးဆရာတစ်ဦးမျှသာဖြစ်သည် ၊ ဆယ်နှစ်မျှအတွင်း ကျွန်တော်ရေးခဲ့သောမဂ္ဂဇင်းများမှ ဝတ္ထုတိုရှည်တို့ သည် စာဖတ်ပရိသတ်တို့ ၏ အသိအမှတ်ပြုခြင်းခံရသည် ဟု ဆိုနိုင်ပါ၏။ သို့သော် ပြောပလောက်သော အောင်မြင်မှုကိုကား ရရှိပြီဟူ၍ မဆိုနိုင်သေးပါ။

ကျွန်တော်ရေးခဲ့ပြီးသော လုံးချင်းနှစ်ပုဒ်မှာ လည်း သိသာထင်ရှားလောက်အောင် နာမည်ထွက်မလာခဲ့ချေ။ သို့သော် တစ်သက်လုံး စာရေးတော့မည်ဟူသော ကျွန်တော့်ဆုံးဖြတ်ချက်ကိုမူ ယင်းအချက်က မည်သို့မျှ ထိခိုက်ခြင်းမရှိခဲ့ပါ။ ကျွန်တော်ကား စာရေးရလျှင် ပျော်နေတတ်သူဖြစ်သည် ။ ထို့ကြောင့် ကျွန်တော့်ကိုကျွန်တော် အပျော်

တမ်းစာရေးဆရာဟူ၍ အမြဲတမ်းကင်ပွန်းတပ်သည် ။

ယနေ့အဖြစ်ကမူ သာမန်စာရေးဆရာတို့ အတွက် ကြုံတောင့်ကြုံခဲ အဖြစ်မျိုးပင်၊ အကြောင်းမှာ ကျွန်တော်ရေးသောစာများ အတွက်မဟုတ်ပဲ၊ ကျွန်တော့်ဘဝခရီးကို အကြောင်းပြု၍ ရုပ်ရှင်ကားတစ်ကားရိုက်ဖို့ စာချုပ်ကြရန်ဖြစ်သည် ။

ဇာတ်ကားရိုက်ကူးမည့်ဒါရိုက်တာမှာ တက္ကသိုလ်တွင် နေခဲ့စဉ်က ကျွန်တော်နှင့်အခင်မင်ဆုံး ကျောင်းနေဘက်တစ်ဦးဖြစ်သူ ကိုဖေအောင်ဖြစ်သည် ၊ သူသည် မနှစ်က လူမှုတော်လှန်ရေးဇာတ်ကား တစ်ကားကို ရိုက်ကူးခဲ့သဖြင့် ဒါရိုက်တာအကယ်ဒမီဆု တစ်ပေးခြင်းခံရသူလည်း ဖြစ်သည် ။

ဇာတ်ညွှန်းရေးမည့်သူမှာ ကိုအောင်သန်းဖြစ်သည် ၊ သူသည် တက္ကသိုလ်တွင် နေခဲ့စဉ်က နှစ်လည်စာစောင်များ နှင့် မဂ္ဂဇင်းများ တွင် ကဗျာတို၊ စာတိုများကို အတော်အတန်ရေးခဲ့ဖူး၏။ သို့သော် မိဘစီးပွားရေးအခြေအနေကြောင့် ဘွဲ့မရမီပင် ကျောင်းထွက်ခဲ့ရသူဖြစ်သည် ၊ ပြီးခဲ့သောသုံးနှစ်ခန့်ကမူ စာရေးဆရာမတစ်ဦးနှင့် အိမ်ထောင်ကျခဲ့သည် ၊ နောင်တွင် -ကိုဖေအောင်နှင့်ပေါင်းမိကာ ရုပ်ရှင်နယ်ထဲရောက်ရှိသွားပြီး အတော်အသင့်အောင်မြင်သော ဇာတ်ညွှန်းရေးဆရာဖြစ်နေချေသည် ။

ဤသို့လျှင် ဟိုတယ်တွင် တွေ့ဆုံပြောဆို သဘောတူညီကြပြီးကာမှ ကျွန်တော်ကစာချုပ်တွင် လက်မှတ်မထိုးသေးပဲ သူတို့ ၏ မျက်နှာများကို ကြည့်နေမိသေး၏။ သူတို့ စတန့်ထွင်နေကြခြင်းများ လားဟု အထင်ရောက်မိနေခြင်းကြောင့်လည်း ဖြစ်သည် ။

"ဟေ့လူ – ဘာကြောင့်ကြည့်နေတာလဲ၊ ကျုပ်တို့ ကတော့ စီစဉ်ထားပြီးသားဗျနော်"

ကိုအောင်သန်းက အားမလိုအားမရဖြင့်ပြောသည် ။

"ဒီမှာ ကိုသက်ထွန်း၊ ကျွန်တော်ပြောထားဖူးတယ်မဟုတ်လား၊ အခု ဇာတ်ကားအတွက် ခင်ဗျားဘာမှ ထပ်ပြီး ရေးပေးစရာမလိုဘူးလို့ "

ကိုဖေအောင်ကလည်း ဝင်ပြောပြန်၏။

"ခင်ဗျားတို့ က ကျွန်တော့်ဝတ္ထုတိုဆယ့်သုံးပုဒ်ကို ရွေးချယ်ပြီး၊ အဲဒီထဲက ကျွန်တော့်ဘဝနဲ့ သက်ဆိုင်တဲ့ အချက်အလက်တွေကို ရွေးထုတ်မယ်၊ ပြီးမှ စီကာစဉ်ကာဇာတ်ညွှန်းရေးမှာ မဟုတ်လား၊ ဒါပေမဲ့ အဲဒီဝတ္ထုတွေထဲက ကျွန်တော့်ဘဝအကြောင်းက နဲနဲရယ်၊ ကျွန်တော့်ပတ်ဝန်းကျင်ကများ နေတယ်၊ ဒီတော့ ထိခိုက်စရာရှိရင် ကျွန်တော့်ထက်"

"ကျွန်တော်တို့ ဦးနှောက်က ဒီလောက်အကျည်းမတန်သေးပါဘူးဗျ၊ ဇာတ်ညွှန်းရေးပြီးရင် ခင်ဗျားကိုပြဦးမှာ ပါ"

ကိုအောင်သန်းစကားဆုံးလျှင် ကျွန်တော်ကဝင်ပြောရတော့သည် ။

"ကဲဗျာ အခုမှ တော့မထူးတော့ပါဘူး၊ ကျွန်တော်စိုးရိမ်တာတွေက ချိုသဲတွေရဲ့ ကိစ္စပဲ၊ ခင်ဗျားတို့ ဇာတ်လမ်းထဲမှာ မင်းသမီးက ရှိရဦးမှာ မဟုတ်လား၊ ဒါဟာဘယ်သူဖြစ်နိုင်မှာ လဲ၊ နောက်ပြီး ခင်ဗျားတို့ ဘာကိုကြိုက်နေကြတာလဲဆိုတာ ကျွန်တော်နားမလည်ဘူး"

ဤတွင် ကိုဖေအောင်ရယ်တော့သည် ။

"မင်းသမီး ဟုတ်လား၊ ခင်ဗျားမှာ မင်းသမီးတွေအများကြီးမဟုတ်လား၊ သက်ထားတို့ ၊ ခင်မလတ်တို့ သင်းသင်းတို့ လေ၊ နောက်ပြီး"

"ခင်ဗျားတို့ မှားနေပြီ"

"ဘာဖြစ်လို့ "

"ဘာမှားနေလို့ လဲ"

သူတို့ ၏ စိုးရိမ်သံသည် ပြိုင်တူထွက်လာသည် ။

"ဘာဖြစ်ရမှာ လဲ၊ ခင်ဗျားတို့ သိထားတဲ့ သက်ထွန်းဆိုတဲ့ ကျွန်တော် ဟာ တစ်ကိုယ်တည်းအထီးကျန်၊ လူပျိုကြီးအဖြီးသန်ဗျ၊ ဒီတောလမ်းမှာ တွေ့တဲ့ သစ်ပင်တစ်ပင်ဟာ ကျွန်တော့်အတွက်နန်းတော်ကြီးဖြစ်ရမှာ တဲ့ လား"

"ဒါပေမဲ့ အဲဒီသစ်ပင်မှာ ခင်ဗျားအရိပ်ခိုခဲ့ဘူးတယ်မဟုတ်လား"

"ဟုတ်တယ်လေ၊ ဒါကြောင့်ပြောတာပေါ့၊ သူ့အရိပ်ကိုခိုရင် သူ့အကို င်းကိုမချိုးကောင်းဘူးမဟုတ်လား"

"ဘယ်လိုဖြစ်သွားရပြန်တာလဲ စာရေးဆရာရယ်"

ကိုအောင်သန်းက ညည်းညူသည် ။

"အဲဒါပြောတာပေါ့ဗျ၊ ဆိုပါတော့ဗျာ၊ နိုင်ငံခြားရောက်နေတဲ့ "သက် ထား"က အကြောင်းမဟုတ်ပေမယ့်၊ ညွှန်ကြားရေးမှူးကတော် "ခင်မလ တ်"က ငြိမ်နေမတဲ့ လား၊ နောက်ပြီး "ဒေါက်တာဒေါ်သင်းသင်း"က ကော"

"ဟေ့ ကိုသက်ထွန်း၊ ခင်ဗျားကစာရေးဆရာ၊ ကိုယ်လိုချင်တဲ့ မင်းသ မီး ကိုယ့်ဘာသာဖန်တီးနိုင်သားနဲ့ ဗျာ"

"ဟုတ်တယ်၊ ကျွန်တော်ကိုယ်တိုင်ဖန်တီးမယ်၊ တစ်ခုတော့ရှိတယ်၊ သူဟာ ကိုယ့်ဘဝကိုယ်တိုင်ရုန်းခဲ့တဲ့ မိန်းမသားမျိုး၊ ဒါမှ မဟုတ် ဘဝ နာခဲ့တဲ့ အမျိုးအစား ဖြစ်ချင်ဖြစ်မယ်ပေါ့ဗျာ"

"ခင်ဗျားဘဝမျိုးကိုဆိုလိုတာလား"

"ဒီထိအောင်တော့ မရည်ရွယ်ပါဘူး၊ ပြောတာပြောရတယ်၊ ကျွန်တော့်ဘဝဟာလဲ ထင်သလောက်မနာခဲ့ပါဘူး"

ထိုအခိုက် စားပွဲတစ်လုံးကျော်မှ ဆူညံသံကြားလိုက်ရသဖြင့် ကျွန်တော်တို့ အကြည့် ထိုနေရာသို့ရောက်သွားကြသည် ။

အမျိုးသားတစ်ယောက်သည် စားပွဲပေါ်တွင် မှောက်ခုံလဲနေသည် ကိုသူ့အဖော်အမျိုးသားက မူးလဲနေသူအားတွဲထူနေ၏။ သူတို့ နားတွင် မူအမျိုးသမီးတစ်ယောက် မတ်တတ်ရပ်နေပြီး သူတို့ နှစ်ဦးအား စူးစိုက်၍ကြည့်နေသည် ။

"မူးပြီးဖြစ်ကြတာပါဗျာ"

ကိုဖေအောင်က အလွယ်တကူပင် မှတ်ချက်ချလိုက်သည် ၊ သူ့စကားကြောင့် ကျွန်တော်က ထိုအမျိုးသမီးကို သတိထား၍ ကြည့်ဖြစ်ခဲ့သည် ။

အမျိုးသမီးမှာ အသက်အစိတ်ခန့်ရှိမည်ထင်သည် ၊ အသားအရည်စိုပြေ၏။ သို့သော် ဖြူဝင်းလှသူကားမဟုတ်ပေ၊ ကိုယ်ဟန်ပြည့်ဖြိုးတောင့်တင်းသည် ၊ မျက်နှာကိုပြုပြင်ထားပုံမှာ တင့်တယ်၏။ ထို့ကြောင့် ကိုဖေအောင်၏ မှတ်ချက်ကိုပင် ယုံရခက်နေသည် ။

"ဖြစ်နိုင်ပါ့မလားဗျ"

ကျွန်တော့်အမေးကြောင့် ကိုဖေအောင်ပြုံးလာ၏။

"ဖြစ်နိုင်တာပေါ့ဗျ၊ ဒါမျိုးဆိုတာဟိုတယ်တိုင်းပဲ၊ ညဦးပိုင်းဇာတ်လမ်းတွေ"

"ညနက်လေ အသံတိတ်လေပေါ့"

ကိုအောင်သန်း၏ မှတ်ချက်ဖြစ်သည် ။

"ဟုတ်တယ်၊ မနက်မိုးလဲလင်းရော ရိုက်သံလဲရပ်ရောဆိုပါတော့"

ကျွန်တော်၏ နောက်ဆုံးမှတ်ချက်ကြောင့် သူတို့ နှစ်ယောက် ပြုံးလာကြသည် ။

"အင်း ခင်ဗျားလဲ ဒါကြောင့်စာရေးဆရာဖြစ်နေတာဘဲ၊ နေရာတိုင်းမှာ ခံစားမှုနဲ့ ဆုံးဖြတ်တာကိုး"

ကိုအောင်သန်း၏ မှတ်ချက်ကို ကျွန်တော်ကပြုံး၍ နားထောင်နေလိုက်သည် ။

"အော် ခင်ဗျားကိုပြောရဦးမယ်၊ ဘာဖြစ်လို့ ခင်ဗျားရဲ့ ဝတ္ထုတိုလေးတွေကိုမှ စုပြီး ရုပ်ရှင်ရိုက်ရတာလဲဆိုတာကို ကောက်ပြီးပြီလား"

ကိုဖေအောင်က မေးသည် ။

ကျွန်တော်ခေါင်းခါပြလိုက်ရ၏။

"အမှန်ကတော့ ခင်ဗျားရဲ့ လုံးချင်းနှစ်ပုဒ်လုံးဟာ နဲနဲလေးပြုပြင်လိုက်ရင် ရုပ်ရှင်ကားဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ ပြီးခဲ့တဲ့ လက ရုံတင်သွားတဲ့ "ဟဲမင်းဝေ"ရဲ့ ဘဝကိုသရုပ်ဖော်တဲ့ ကားကိုကြည့်ပြီး စမ်းသပ်ကြည့်ကြဖို့ ကျွန်တော်တို့ စိတ်ကူးရခဲ့ကြတယ်၊ အဲဒီကားဟာ ဟဲမင်းဝေရေးခဲ့တဲ့ ဝတ္ထုတိုဆယ်ပုဒ်ထဲက သူ့ဘဝနဲ့ သက်ဆိုင်တာတွေကို ရွေးထုတ်ပြီးရိုက်ထားတာဗျ"

"ဟဲမင်းဝေကတော့ ကမ္ဘာကျော်ပုဂ္ဂိုလ်မဟုတ်လား၊ သူ့ရဲ့ ဘယ်စာအုပ်ကိုမဆို ရုပ်ရှင်ကားအနေနဲ့ အမြတ်အစွန်းရှိနိုင်တာပဲ"

ကျွန်တော့်စကားကို ကိုအောင်သန်းကသဘောကျဟန်မတူ။

"အဲဒါကတော့ စာရေးဆရာတစ်ယောက်ရဲ့ အမြင်ကိုး၊ ကိုဖေအောင်

က လူမှုတော်လှန်ရေးဇာတ်ကားမျိုးနဲ့ နာမည်ရခဲ့တဲ့ ဒါရိုက်တာဗျ။ သူ-တကယ်တမ်းလိုချင်တာလဲ လူ့ဘဝရုန်းကန်မှုမျိုး၊ တစ်ကိုယ်တော်စွန့်စားမှုမျိုးမဟုတ်ပဲ ကိုယ့်ပတ်ဝန်းကျင်မှာ နစ်မြုပ်ပြီး လူတန်းစားတစ်ရပ်ကို ဦးဆောင်နိုင်မယ့် လူမှုတော်လှန်ရေးတွေးခေါ်ချက်ကို ဖော်ကျူးချင်တာမျိုးဗျ"

ကိုအောင်သန်း၏ စကားကို ကျွန်တော်မချေပနိုင်ခဲ့ပါ။

"ဒီနေရာမှာ ကျွန်တော်ကခင်ဗျားကိုမှ ဘာဖြစ်လို့ ရွေးချယ်ရတယ်ထင်သလဲ" ကိုဖေအောင်ဆက်၍ ပြောပြန်သည် ၊ "အမှန်တကယ်တော့ ကိုယ့်အသိုင်းအဝိုင်းမို့ဆိုရင်လဲမှန်ပါတယ်၊ စွန့်စားစရာရှိရင် ကိုယ့်လူဘဲစွန့်စားရတာ ပိုပြီးအောင်မြင်မယ်လို့ ကျွန်တော်ယုံကြည်တယ်၊ နောက်ပြီးပြောစရာရှိတာတစ်ခုက ခင်ဗျားစာတွေဟာ နိုင်ငံရေးဦးတည်ချက်မှာ အားနည်းတယ်၊ ဒါပေမဲ့ လူမှုရေးဦးတည်ချက်မှာ တော့ ပီပြင်တယ်၊ ခင်ဗျားဇာတ်ကောင်တွေဟာ သူလိုကိုယ်လိုလူတွေဘဲ၊ ဒါပေမဲ့ သူတို့ ဟာအစွဲအလန်းကြီးတယ်၊ အထူးသဖြင့် ကိုယ့်ယုံကြည်ချက်နယ်ပယ်က ထွက်မပြေးဘူး၊ စွန့်စားခန်းဝါဒတွေနည်းတယ်၊ ကိုယ့်ဘဝမမေ့ပဲ ပြဿနာတွေကိုဖြေရှင်းကြတယ်၊ ဒါကြောင့်နိုင်ငံရေးအစလူမှုရေးက ဆိုတဲ့ စကားကို လူမှုရေးထွက်ပေါက်ကိုရှာနေတဲ့ ခင်ဗျားဇာတ်ကောင်တွေဟာ နိုင်ငံရေးသတ္တဝါတွေဖြစ်နေတယ်ဆိုတာ ငြင်းလို့ ကိုမရဘူး"

"ဟုတ်တယ်၊ ကျွန်တော်တို့လိုချင်တာလဲဒါမျိုးပဲ၊ နိုင်ငံရေးဆိုတာတွေကို ရေရွတ်မပြဘဲ သရုပ်ဖော်ပြသွားတယ်၊ ဒီနေရာမှာ လူတွေရဲ့ ရုန်းကန်မှုဟာ အလိုအပ်ဆုံးမဟုတ်လား"

သူ့စကားအဆုံးတွင် ကျွန်တော်ဝင်ပြောဖြစ်သွားသည် ။

"ရှင်းရှင်းပြောရရင်ဗျာ ဒါတွေဟာအတွေ့အကြုံပေါ်မှာ မှီပြီး ရေး

သားထားတာတွေဖြစ်တယ်၊ တစ်ခါတစ်ခါများ ဖြင့်ဗျာ ကျွန်တော့်အတွေ့အကြုံတွေကုန်သွားရင် စာမှ ရေးနိုင်ပါဦးမလားလို့ တောင် စိုးရိမ်မိသေးတယ်"

ကျွန်တော်အမှန်အတိုင်း ဝန်ခံပြောဆိုလိုက်ရသည် ။

"ပူမနေစမ်းပါနဲ့ ဗျာ၊ တစ်သက်လုံးစာရေးဖို့ ဆုံးဖြတ်ထားတဲ့ လူတစ်ယောက်ဟာ စာများများ ရေး လာလေ အတွေ့အကြုံကိုပိုပြီးအသုံးချတတ်သွားလေ မဟုတ်လား"

ကိုအောင်သန်း၏ အားပေးစကားဖြစ်ပါသည် ။

"ကျွန်တော်အများကြီး ကြိုးစားရလိမ့်ဦးမယ်"

"ဒါထက် လက်ရှိကိစ္စကိုကြိုးစားစမ်းပါဦး၊ မင်းသမီးကိစ္စလေဗျာ"

ကိုဖေအောင်က သတိပေးပြောဆိုပြန်သည် ။

"ရေးထားတဲ့ ဇာတ်လမ်းစဉ်ကို ပြန်ဖတ်ကြဦးစို့ဗျာ၊ နောက်ပြီး ခင်ဗျားတို့လိုချင်တာကိုလဲ ကျွန်တော်ကြိုးစားပါ့မယ်၊ အချိန်တော့မကန့်သတ်ကြနဲ့ ဦးဗျာ"

"အတတ်နိုင်ဆုံးနဲ့ အမြန်ဆုံးဖြစ်ရင် သိပ်ကောင်းမယ်ဗျာ"

"စိတ်ချပါ၊ ကျွန်တော့်ရဲ့ ပထမဆုံးရုပ်ရှင်ရိုက်ခံရမယ့်ဇာတ်လမ်းမို့ အစွန်းအစမထွက်ပဲ သေသေသပ်သပ်လေးဖြစ်ချင်ပါတယ်"

"ကျွန်တော်တော့ ခင်ဗျားကိုကြည့်ပြီးအံ့သြတယ်"

"ဘာကိုလဲဗျ"

"ဖောင်စီးရင်းရေငတ်နေတာကိုပြောတာပါ"

"ကျွန်တော်ဟာ သိပ်ဇီဇာကြောင်တဲ့ သတ္တဝါများ ဖြစ်နေသလားဗျာ"

သူတို့ ဘာမျှဝင်မပြောကြပါ။

"အေးဗျာ အမျိုးသမီးဇာတ်ဆောင်ရွေးဖို့ ကိစ္စဟာ စာပေရေးသားရာမှာ တွင် မဟုတ်ဘူး ၊ ကျွန်တော့်ကိုယ်ရေးကိုယ်တာကိစ္စမှာ လဲ အခက်အခဲတွေ့နေတာဘဲဗျာ"

"ဆန်းလှချည်လားဗျ"

"မဆန်းနဲ့ ၊ အဲဒါအမှန်ပဲဗျ၊ ကြီးမေကလဲမေးလှပြီ"

"ဒီလိုဆို ကျွန်တော်တို့ ဘာကူညီရဦးမလဲ"

ကိုဖေအောင်က စိတ်ဝင်စားစွာဖြင့်မေးသည် ။

"ကျွန်တော်လဲစဉ်းစားနေတယ်ဗျာ၊ ယုတ်စွအဆုံး၊ တကယ်မဟုတ်တောင် ဟန်ဆောင်ဖြစ်ဖြစ်ခေါ်ထားရင် ကောင်းမလားလို့ လေ"

ကိုအောင်သန်းကပြုံးနေသည် ။

"ဟန်ဆောင်အမျိုးသမီးတစ်ယောက်ရဖို့ ဆိုတာ ကျွန်တော်တို့ နယ်ပယ်မှာ တော့လွယ်ပါတယ်၊ ဒါပေမဲ့ နောက်ဆုံးကျတော့လဲ အဲဒီဟန်ဆောင်သူနဲ့ ပဲ နဖူးစာဆုံတတ်ကြတယ်ဗျ"

ကိုဖေအောင်က သူ့စကားကိုသူ သဘောကျသွားပြီးရယ်တော့သည် ။ ကိုအောင်သန်းက သူ့ထုံးစံအတိုင်းပြုံးနေသည် ၊ ဟန်မဆောင်နိုင်သောကျွန်တော်ကမူ ရယ်လိုက်မိသည် မှ အပ ဘာမျှမပြောနိုင်ခဲ့ပါ။

"ကဲ ကျွန်တော်တို့ ပြန်ကြစို့" ခဏအကြာတွင် ကိုဖေအောင်ပြောလာ၏။ "ခင်ဗျားလဲလိုက်မယ် မဟုတ်လား"

"ကျွန်တော်မလိုက်သေးဘူး၊
ဝတ္ထုတိုလေးတစ်ပုဒ်လောက်ရလိုရငြား ဆက်ထိုင်လိုက်ဦးမယ်၊ ခင်ဗျား

တို့ ဟာတွေ အကုန် လုပ်သွားဗျာ၊ ကျွန်တော်ကဘရမ်ဒီကို သိပ်ကြိုက်လှတာ မဟုတ်ဘူး "

"ခင်ဗျားဘာသာ ဖြေးဖြေးချင်းရှင်းလိုက်ပါ၊ ဖြစ်မှာ ပါ"

"ဒါထက် ကျွန်တော်တို့ ဘယ်တော့လောက် ဆုံဖြစ်ကြဦးမလဲ"

ကိုအောင်သန်းကမေးလေသည် ။

"ကျွန်တော်အကြောင်းကြားပါမယ်၊ ခင်ဗျားတို့ လဲ အိမ်ကိုလာခဲ့ကြဦးလေဗျာ"

ကျွန်တော့်စကားအဆုံးတွင် ကိုအောင်သန်းက ထိုင်ရာမှ ထလိုက်သည် ။

"ကျွန်တော်တို့ သွားမယ်၊ ခင်ဗျားတော့ထိုင်ရစ်ပေဦးတော့"

ပြောပြောဆိုဆို သူတို့ နှစ်ဦးထွက်သွားကြသည် ။

ကျွန်တော်က သူတို့ နှစ်ဦး၏ ကျောပြင်ကိုကြည့်ရင်း ထိုင်ကျန်ရစ်ခဲ့သည် ။

***

## အခန်း (၂)

ဘရမ်ဒီပုလင်းကြီးထဲတွင် တစ်ဝက်ခန့်ကျန်နေသေးသည် ၊ ဤအရက်များကုန်ပါမည့်အရေး ကျွန်တော့်မှာ ဝန်လေးနေပါ၏။ ထိုအချိန်မှာပင် မမျှော်လင့်သောဧည့်သည် တစ်ဦး ကျွန်တော့်စားပွဲဆီသို့ ရောက်လာသည် ။ စောစောကရုတ်ရုတ်သဲသဲဖြစ်စဉ် ရပ်ကြည့်နေသော အမျိုးသမီးပင်ဖြစ်သည် ။

ပထမတွင် ကျွန်တော်ကပြုံးပြလိုက်သည် ။ သူမကလည်း တုံ့ပြန်ပြီးပြုံးရှာသည် ။ ထို့နောက် ကျွန်တော်ကသူထိုင်ရန် နေရာပေးလိုက်သည် ။

သူမသည် ကုလားထိုင်တွင် ဝင်ထိုင်ရင်းက မေးလာသေး၏။

"ကိုကြီး ယုကိုသိလားဟင်"

သူ့အသံမှာ လွင်၍ ဆွဲဆောင်မှုရှိလှသည် ။

"ယု ဟုတ်လား" ကျွန်တော်ကမေးရင်းက စူးစိုက်၍ ကြည့်လိုက်ရသည် ၊ "ယုဟာ ကိုကြီးတို့ မြို့ကတော့မဟုတ်ပါဘူးနော်၊ ဒီနာမည်မျိုးကို မကြားဖူးဘူးကွ"

ယုက သဘောကျစွာဖြင့် ပြုံးနေလေသည် ။

"ကိုကြီးက ယုကိုမသိပေမယ့် ယုကတော့သိတယ်"

သူမကဆက်ပြောနေသည်၊ "ကိုကြီးနာမည်က ကိုသက်ထွန်း၊ စာရေးဆရာကိုလူကောင်း"

"အေး အဲဒါဟုတ်တယ်၊ မင်း ကိုယ့်ဆီကိုများ မိတ်ဆက်စာရေးဖူးလို့လား"

"မရေးဖူးပါဘူး၊ ဒါပေမဲ့ ယုကိုယ်တိုင် ကိုကြီးဆီလာခဲ့ဖူးတယ်"

"ဟာ ဟုတ်လား၊ အစ်ကိုကြီး သိပ်တော့မမူးသေးပါဘူး၊ ဒါပေမဲ့ ယုကိုတော့မမှတ်မိဘူး၊ ဒီအတွက်တော့ခွင့်လွှတ်နော်၊ အေး ဖြစ်နိုင်ရင်တော့ ယုကိုယ်ယု အစ်ကိုကြီးနဲ့ မိတ်ဆက်ပေးပါလား"

ကျွန်တော့်စကားကြောင့် သူမပြုံးလာသည်။

"ဒါထက် ယုကဘယ်မှာ နေတာလဲ"

"ဒီဟိုတယ်ရဲ့ အပေါ်ထပ်မှာ လေ"

"ဒီလိုဆိုရင် ကိုယ်သိဖူးခဲ့တဲ့ မိန်းမသားတွေထဲမှာ ယုများ ပါနေမလား၊ ဒါလဲ ဟုတ်ချင်မှ ဟုတ်မှာ ပါ"

"မဟုတ်ပါဘူး"

"အေး ဒါဟာဖြစ်နိုင်တယ်၊ ကိုယ်သိခဲ့ဖူးတာက သိပ်ကိုနဲ့တာကွ၊ လက်ချိုးရေရင်တောင်ရနိုင်တယ်၊ တကယ်လို့ ယုသာပါရင်တော့ ကိုယ်ကောင်းကောင်း ကြီးမှတ်မိမှာ ပေါ့၊ ယုကလှတာကိုး"

အမျိုးသမီးကဘာမျှမပြော၊ သူ့အပြုအမူမှာ စောစောကလောက် မလန်းဆန်းတော့ပါ။

"ကိုကြီးပြောတာ ဘယ်လိုမှ မထင်နဲ့ နော်၊ ဒါထက် ယုနဲ့နဲပါးပါးလုပ်တတ်မှာ ပေါ့"

ကျွန်တော်က အရက်ဖန်ခွက်ကိုမြှောက်ပြလိုက်သည် ။

"ကျွန်မ မသောက်တတ်ပါဘူး အစ်ကိုကြီး"

"အစ်ကိုကြီးမှာ လဲ အဖော်လိုနေတာကွ၊ ယုမှာ အချိန်ရပါတယ်နော်
"

"ရပါတယ်၊ ဒီညအဖို့ ယုအားနေပါတယ် အစ်ကိုကြီး"

"ကျေးဇူးတင်တယ် ယု"

ကျွန်တော်က ဘရမ်ဒီပုလင်းကိုလှုပ်ပြရင်း သူ့ကိုပြုံးပြုံးကြီး ကြည့်နေမိသည် ။

"အို ဒါကိုလား"

"ဟုတ်တယ် ယု"

သူမကခေါင်းခါသည် ၊ ကျွန်တော်က အလွတ်ဖန်ခွက်တွင် အရက်ကိုဖြည့်ထည့်လိုက်သည် ၊ ဆော်ဒါရောပြီး ရေခဲနှစ်တုံးကိုပါထည့်လိုက်သည် ၊ ထိုအချိန်တွင် ယုမှာ စီးကရက်ဘူးမှ စီးကရက်တစ်လိပ်ကိုဆွဲယူကာ သူ့နှုတ်ခမ်းတွင် တပ်လိုက်သည် ၊ ကျွန်တော်ကအလိုက်သိစွာ မီးခြစ်ပေးလိုက်သည် ။

သူမသည် ရုတ်တရက်အံ့အားသင့်ဟန်ဖြင့် ကျွန်တော့်အား မျက်လုံးလှန်၍ ကြည့်သေး၏။ တစ်ချက်ပြုံးလိုက်ပြီး စီးကရက်ကိုမီးညှိဖွာရှိုက်သည် ၊ မဆုံးနိုင်သောမီးခိုးတန်းကြီးကို မှုတ်ထုတ်ရင်းက ကျွန်တော့်ကိုမျက်လုံးမှေး၍ ကြည့်သေး၏။

"အစ်ကိုကြီးက ရုပ်ရှင်မင်းသားလုပ်ဖို့ ကောင်းတယ်"

"အင်း ဂုဏ်ယူစရာပေါ့လေ၊ ကိုယ့်အသက်သုံးဆယ်ကျော်ပြီ၊ ဒီစ

ကားမျိုး ပထမဆုံးကြားရခြင်းပဲ၊ ကျေးဇူးတင်ပါတယ်ကွာ"

ယုကပြုံးရင်းပြောလာပြန်သည် ။

"ဘာပဲဖြစ်ဖြစ် အစ်ကိုကြီးရဲ့ ဘဝမှာ အစ်ကိုကြီးဟာဇာတ်လိုက်ပဲပေါ့"

"အိုး ဒါမျိုးကတော့ လူတိုင်းဖြစ်ခွင့်ရှိတာပေါ့၊ ယုလဲဒီအတိုင်းပဲပေါ့"

"ယုက အမြဲတမ်းမင်းသမီးပါ"

"ဟုတ်လား ဘယ်လို"

"ဟုတ်တယ်လေ၊ ယုဟာညမင်းသမီးဘဲဥစ္စာ"

"အို ယုရယ်"

သူမ၏ နောက်ဆုံးစကားကြောင့် ကျွန်တော့်မှာ စိတ်မကောင်းဖြစ်ရပါသည် ၊ မိန်းမသားတစ်ယောက်က ညစ်နွမ်းသောသူ့ဘဝကို ထုတ်ဖော်ပြောရဲဝံ့ခြင်းသည် သူ့ဘဝကို မည်မျှနာကြည်းကြောင်းကို သိနိုင်ပါ၏။

ကျွန်တော်တို့ နှစ်ယောက်စလုံး ဘာမှ မပြောဖြစ်ပြန်တော့၊ ယုသည် ကျွန်တော့်အား တစ်ချက်မျှစိုက်ကြည့်ပြီးနောက် စီးကရက်ဆက်ဖွာနေသည် ။

သူ့အပြုအမူကိုကြည့်ရင်း သူ့၌ မကျေချမ်းစရာကိစ္စများက လောလောဆယ်အားဖြင့် ပြဿနာများ ဖြစ်နေသည် လားဟု ကျွန်တော်တွေးနေမိသည် ၊ သိချင်နေသည် ။

"ယု ဘာဖြစ်နေသလဲ"

ကျွန်တော်က စိုးရိမ်မကင်းမေးမိသည် ။

"ယု ဘာဖြစ်လို့ လဲ ကိုကြီးရဲ့ "

သူမသည် မချိတင်ကဲပြုံးရင်းက မေးနေပြန်သည်။

သူမသည် ကျွန်တော့်ထက်အသက်ငယ်ပေသည်၊ သို့သော် ငါးနှစ်ထက်တော့ ပို၍ ငယ်ပုံမရပါ၊ သူ့ရုပ်ရည်မှာ သိပ်အလှကြီးမဟုတ်ပေ၊ ပြင်ဆင်ထားသဖြင့် ရုပ်ထွက်လာဟန်မျိုးဖြစ်သည်၊ အထူးခြားဆုံးမှာ သူ၏ ပျိုမြစ်မှုနှင့် စိတ်ညွတ်ဖွယ်ကောင်းသော ရူပါရုံပင်ဖြစ်ပေသည်၊ ယုသည် တုမနိုင်းသာသော နှုတ်ခမ်းလုံးခဲခဲလေးကို ပိုင်ဆိုင်ထားသူဖြစ်သည်။

ကြံရာမရသည့်အဆုံး လွတ်နေသောဖန်ခွက်များ တွင် အရက်ကို ကျွန်တော်ကမျှထည့်လိုက်သည် ၊ ဤတွင် သူကဆော်ဒါကိုထပ်ဖြည့်ပေးလေသည် ၊ ကျွန်တော်ရေခဲများ ထည့်ပြီး၍ သူ့ကိုကြည့်လိုက်မိသောအခါ သူ့အကြည့်နှင့်ဆုံနေလေတော့သည်။

"အစ်ကိုကြီးနဲ့ ဆုံတုန်း အေးအေးဆေးဆေး စကားပြောကြရအောင်လား၊ ယု အစ်ကိုကြီးရဲ့ အိမ်ကိုရောက်ဖူးတယ်ဆို"

"ဒါကတော့ နောက်တစ်နေ့မှ ပါ" သူမကမေးပြန်သည်။

"အစ်ကိုကြီး "တောင်ပြာတန်းများ သက်သေ" ဆိုတဲ့ ရုပ်ရှင်ကားကို သတိရသေးလားဟင်"

"အာ သတိရတာပေါ့၊ အဲဒီကားဟာ အစ်ကိုကြီးရဲ့ ညီသူငယ်ချင်း ဖေစိုး ပထမဆုံးမင်းသားဖြစ်တဲ့ ကားဘဲ"

"ကိုဖေစိုး ဟုတ်လား ဟင်း ဟင်း"

သည် တစ်ကြိမ်တွင် သူ့အသံမှာ တင်းမာနေပေသည် ၊ အထူးခြားဆုံးမှာ ကျွန်တော့်ကိုကြည့်နေသော သူ့အကြည့်ပင်ဖြစ်သည်။

ကျွန်တော် သူ့ကိုကြည့်နေရာမှ တစ်စုံတစ်ခုကို သတိရလာ၏။ သို့သော် မသဲကွဲလှပေ။

"အဲဒီဇာတ်ကားရုံတင်တဲ့ ပထမဆုံးနေ့ ပထမဆုံးပွဲမှာ လေ"

"အော် "ချက်ချင်းဆိုသလိုပင် ကျွန်တော်သတိရလာ၏ " အဲဒီတုန်းက ကိုယ်ရုပ်ရှင်ပြခဲ့တဲ့ အမျိုးသမီးဟာ ယုမဟုတ်ပါဘူး ဒါပေမဲ့ ယုလိုပဲလား"

"ဟုတ်တယ် အစ်ကိုကြီး၊ ယုမဟုတ်ပါဘူး၊ အဲဒီတုန်းကတော့ ယုဆိုတဲ့ ဘဝကိုမရောက်သေးတဲ့ ခင်ခင်ဝေဆိုတဲ့ ပန်းသည် မလေးပေါ့"

"အင်း ခင်ခင်ဝေဆိုတဲ့ ပန်းသည် မလေးက ယုဖြစ်လာတယ်ဆိုတော့ ..."

ကျွန်တော်ဘာမျှမပြောမိတော့ပါ၊ သူ့ဘဝကိုသိချင်လာ၏ ၊ သို့သော် မမေးရက်ပါ၊ ဤအမေးစကားမျိုးသည် သူ့ကိုရက်စက်ရာကျပေလိမ့်မည်။

"အစ်ကိုကြီး ယုကိုသိချင်မှာ ပါ၊ အစ်ကိုကြီးကစာရေးဆရာမဟုတ်လား"

ကျွန်တော်ဘာမျှမပြောနိုင်တော့ပါ၊ သို့သော် ကျွန်တော့်နားကမူ သူ့အသံကိုသာစွင့်နေမိ၏။

***